# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ဘဏ္ဍာရေးဝန်ကြီးဌာန
# ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်
# ကြေညာချက်အမှတ်( ၁/၂၀၁၆ )
# ၁၃၇၇ ခုနှစ် ၊ ပြာသို လဆန်း ၃ ရက်
# ၂၀၁၆ ခုနှစ် ၊ ဇန်နဝါရီလ ၁၂ ရက်
# ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကိုယ်စားလှယ်လိုင်စင်အတွက်အရည်အချင်းစစ်ဆေးခြင်း

ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ အခန်း ၅၊ ပုဒ်မ ၂၇ အရ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတစ်ခု၏ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်လိုသည့် လူပုဂ္ဂိုလ်တစ်ဦးသည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်(SECM)သို့ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကိုယ်စားလှယ်လိုင်စင်ရရှိရန် လျှောက်ထားရမည် ဖြစ်ပါသည်။ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ် ရောင်းဝယ်ရေးနည်းဥပဒေ ပုဒ်မ ၇၈ (ခ)အရ ထိုပုဂ္ဂိုလ်သည် SECM မှ အတည်ပြုထားသည့် အရည်အချင်းစစ်စာမေးပွဲ အောင်မြင်သည့်လက်မှတ်ကိုတင်ပြရမည်ဖြစ်ရာ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကိုယ်စားလှယ်လိုင်စင်အတွက် အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုနိုင်ရန်အတွက် လိုအပ်ချက်များကို ထုတ်ပြန်လိုက်သည်။

**အရည်အချင်းများ**

ဖြေဆိုသူသည်-

- ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် အနည်းဆုံးအသက် ၂၂ နှစ် ပြည့်ပြီးသူဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူ ဖြစ်ရမည်။
- သက်ဆိုင်ရာ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီမှ ထောက်ခံစာ ပါရှိရမည်။
- အကျင့်စာရိတ္တကောင်းမွန်ရမည်ဖြစ်ပြီး ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး နည်းဥပဒေ ပုဒ်မ ၇၉(ခ) တွင် ပြဋ္ဌာန်းထားသည့် အရည်အချင်းမပြည့်မီသည့် အချက်များမရှိစေရန် သက်ဆိုင်ရာ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီမှ အာမခံရမည်။

**နေရာ**

- ရန်ကုန်စတော့အိပ်ချိန်း အစည်းအဝေးခန်းမ

**လိုင်စင်အတွက်လျှောက်လွှာကြေး**

- တစ်ဦးလျှင် ၅၀၀၀ ကျပ်

**အရည်အချင်းစစ်စာမေးပွဲအတွက်သင်တန်းကြေး**

- တစ်ဦးလျှင် ၁၅၀၀၀ ကျပ်

**အရည်အချင်းစစ်စာမေးပွဲ၏မာတိကာများ**

- အရင်းအနှီးဈေးကွက်၏ အခြေခံသဘောတရား၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း၏ စည်းမျဉ်းစည်းကမ်းများ၊ ရန်ကုန်စတော့အိပ်ချိန်း၏မူဘောင်။

**လိုင်စင်သက်တမ်း**

- ၂ နှစ်

**အရည်အချင်းစစ်စာမေးပွဲကျင်းပမည့်နေ့စွဲ**

ပထမဆုံး အရည်အချင်းစစ်စာမေးပွဲအား ဖေဖော်ဝါရီလတွင် ကျင်းပမည်။

**မှတ်ချက်။** မြန်မာနိုင်ငံရှိငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတွင်တာဝန်ထမ်းဆောင်လျှက်ရှိသည့် မြန်မာနိုင်ငံသားများနှင့် နိုင်ငံခြားသားဝန်ထမ်းများသည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကိုယ်စားလှယ်လိုင်စင်အား လျှောက်ထားရမည်။